## အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ် ( ၂/၂၀၂၄ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်

၁။ အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနမှ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် တင်သွင်းသူများသည် ဤကြေညာချက်ပါ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

**မှတ်တမ်းထားရှိပေးရန် လျှောက်ထားခြင်း**

၂။ အခွင့်အရေးရရှိသူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်သည်-

(က) မှတ်တမ်းထားရှိပေးရန် နောက်ဆက်တွဲ (က) ပါ ပုံစံ (၁) ကို လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန website မှ သော်လည်းကောင်း ရယူနိုင်ပါသည်။

(ခ) အခွင့်အရေးရရှိသူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်သည် နောက်ဆက်တွဲ (က) ပါ ပုံစံ (၁) တွင်ဖော်ပြထားသည့် စာရွက်စာတမ်းများ ကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ တင်ပြလျှောက်ထားရမည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်းများအား အကောက်ခွန်ဦးစီးဌာနမှ ထပ်မံတောင်းခံလာပါက အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ခုနစ်ရက်အတွင်း ပြန်လည်တင်ပြရမည်။

(ဃ) နည်းဥပဒေ ၆ အရ မှတ်တမ်းထားရှိခြင်း သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း အကောက်ခွန်ဦးစီးဌာန၌ သက်တမ်းတိုးခြင်းကို နောက်ဆက်တွဲ (ခ) ပါပုံစံ (၄) တွင် ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားနိုင်သည်။

(င) မှတ်တမ်းထားရှိသည့် အချက်အလက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း စသည့်ပြောင်းလဲမှုတစ်စုံတစ်ရာရှိပါက ပြင်ဆင်လိုကြောင်း သို့မဟုတ် ရုပ်သိမ်းလိုကြောင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ပြင်ဆင်မှု သို့မဟုတ် ရုပ်သိမ်းမှု ဆောင်ရွက်ပြီးသည့်နေ့မှ အစိုးရရုံးဖွင့်ရက် သုံးရက်အတွင်း ယင်းပြင်ဆင်မှု သို့မဟုတ် ရုပ်သိမ်းမှု ဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်း

အထောက် အထားများနှင့်အတူ အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားရမည်။

**ဆိုင်းငံ့မိန့် လျှောက်ထားခြင်း**

၃။ အခွင့်အရေးရရှိသူ သို့မဟုတ် ယင်း၏တရားဝင်ကိုယ်စားလှယ်သည်-

(က) ဆိုင်းငံ့မိန့်ထုတ်ပေးရန် နောက်ဆက်တွဲ (င) ပါ ပုံစံ (၅) ကို လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန website မှ သော်လည်းကောင်း ရယူနိုင်ပါသည်။

(ခ) ဆိုင်းငံ့မိန့်ကို ညွှန်ကြားရေးမှူးချုပ်ထံသို့ လိပ်မူ၍ နောက်ဆက်တွဲ (င) ပါ ပုံစံ (၅) တွင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ တင်ပြလျှောက်ထားရမည်။

(ဂ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုပေးရန် အကောက်ခွန်ဦးစီးဌာနမှ တောင်းဆို ခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။ ဘာသာပြန်ဆိုချက်သည် မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

(ဃ) မှတ်တမ်းထားရှိခြင်းမရှိသော ကုန်ပစ္စည်းများဖြစ်သော်လည်း ဆိုင်းငံ့မိန့် ကိုလျှောက်ထားနိုင်ပြီး မူပိုင်ခွင့်ဆိုင်ရာ မှန်ကန်မှုအတွက် အကောက်ခွန် ဦးစီးဌာန၏ လိုအပ်သောစိစစ်မှုများကို ဦးစွာခံယူရမည်။

(င) ဆိုင်းငံ့မိန့်လျှောက်ထားချက်ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ အကြောင်းကြားလာပါက လိုအပ်သော အချက် အလက်များ ပြည့်စုံစွာဖြည့်စွက်၍ အကြောင်းကြားစာ ထုတ်ပြန်သည့် နေ့မှ ၁၅ ရက်အတွင်း ပြန်လည်တင်ပြရမည်။

**မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခြင်း**

၄။ တင်သွင်းသူသည်-

(က) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဆိုင်းငံ့မိန့်ကို ကျေနပ်မှုမရှိ ပါက ပြန်လည်စိစစ်ရန် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံး သို့ လျှောက်ထားနိုင်သည်။

(ခ) ယင်းသို့ဆောင်ရွက်နေကြောင်း ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြား သည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရ မည်။

(ဂ) မူပိုင်ခွင့်တရားရုံး၏ ဆိုင်းငံ့မိန့်အပေါ် ပြန်လည်စိစစ်ရာတွင် ဆုံးဖြတ်ချက်အား အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်တင်ပြရမည်။

**အာမခံစပေါ်ငွေ ပေးသွင်းခြင်း**

၅။ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသည်-

(က) ဆိုင်းငံ့မိန့် ထုတ်ပေးရန် လျှောက်ထားသည့် ကိစ္စရပ်များတွင် ညွှန်ကြားရေးမှူးချုပ်က ဆိုင်းငံ့မိန့် ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ အစိုးရရုံးဖွင့်ရက် ငါးရက်အတွင်း ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အာမခံစပေါ်ငွေကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။ ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက ဆိုင်းငံ့မိန့်ကို အသိပေး အကြောင်းကြားသည့်နေ့မှ သုံးရက်အတွင်း ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အာမခံစပေါ်ငွေကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ဆိုင်းငံ့မိန့် ထုတ်ပေးရန် လျှောက်ထားခြင်း မရှိသော်လည်း အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ချိုးဖောက်ထားသော ကုန်ပစ္စည်းများဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများ အရဖြစ်စေ၊ သံသယရှိဖွယ် အထောက်အထားများ တွေ့ရှိ၍ အကောက်ခွန်ဦးစီးဌာနမှ ဆိုင်းငံ့မိန့် ထုတ်ပြန်သည့်ကိစ္စရပ်များတွင် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့် အာမခံစပေါ်ငွေကို ဆိုင်းငံ့မိန့်အား အသိပေး အကြောင်းကြားသည့်နေ့မှ ၁၅ ရက် အတွင်း ပေးသွင်းရမည်။ ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက ဆိုင်းငံ့မိန့်ကို အသိပေး အကြောင်းကြားသည့်နေ့မှ သုံးရက်အတွင်း အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

**ကုန်ကျစရိတ် ပေးဆောင်စေခြင်း**

၆။ တင်သွင်းသူသည်-

(က) ဆိုင်းငံ့ထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်း မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်းနှင့် အခြားသော အထွေထွေ ကုန်ကျစရိတ်များအတွက် ကျခံရမည်။

(ခ) အပိုဒ်ခွဲ (က) ပါ ကုန်ကျစရိတ်များအား ကျခံရာတွင် သက်ဆိုင်ရာသို့ ပေးသွင်းပြီးကြောင်း အထောက်အထားနှင့်တကွ အကောက်ခွန်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြရမည်။

(ဂ) အဆိုပါ ပစ္စည်းများအား အကောက်ခွန်ကြီးကြပ်မှုဖြင့် ဖျက်ဆီးခြင်းနှင့် ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

၇။ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသည်-

(က) ဆိုင်းငံ့ထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်လိုက်သည့် ကိစ္စရပ်များတွင် မှားယွင်းစွာဆိုင်းငံ့ခြင်းအတွက် မူပိုင်ခွင့်တရားရုံးမှ သတ်မှတ်သည့်ပမာဏအတိုင်း နစ်နာကြေးကို တင်သွင်းသူထံ ပေးဆောင်ရမည်ဖြစ်ပြီး ပေးဆောင်ပြီးကြောင်း အထောက် အထားကို အကောက်ခွန်ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဆိုင်းငံ့ထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် အခြားသော အထွေထွေ ကုန်ကျစရိတ်များအတွက် တင်သွင်းသူမှ ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက တင်သွင်းသူ ကိုယ်စားပေးဆောင်ရမည်။

(ဂ) တင်သွင်းသူကိုယ်စား ပေးဆောင်ထားသည့် မည်သည့်စရိတ်ကိုမဆို တင်သွင်းသူထံမှ ပြန်လည်ရပိုင်ခွင့်ရှိစေရမည်။

အကောက်ခွန်ဦးစီးဌာန